Shan Women's Action Network

# ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) ဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၂၀) ပြည့် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၁၉ ခုနှစ် မတ်လ ၂၈ ရက် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

ရှမ်းအမျိုးသမီးများဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) သည် မိမိတို့အဖွဲ့အစည်းတည်ထောင်ခဲ့သည့် ၁၉၉၉ ခုနှစ် မတ်လ ၂၈ ရက်နေ့မှ စ၍ ကျား-မ တန်းတူရေးနှင့် တရားမျှတရေးတို့အတွက် လူမှုရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သွားမည်ဟူသည့် ဦးတည်ချက်ဖြင့် ကြိုးပမ်း ဆောင်ရွက်လာခဲ့ကြသည်မှာ ယနေ့ နှစ်ပေါင်း ၂၀ ပြည့်ခဲ့ပြီဖြစ်ပါသည်။

စွမ်း ၏ နှစ်(၂၀) ပြည့် အကြိုအဖြစ် စွမ်း ၏ နှစ်ပတ်လည် ရှမ်းအမျိုးသမီးများ နှီးနှော ဖလှယ်ပွဲကို ၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့ရာ နိုင်ငံတဝှမ်းလုံးနှင့် ထိုင်းနိုင်ငံမှ ရှမ်း အမျိုးသမီး ၁၃၀ ကျော် တက်ရောက်ခဲ့ကြပါသည်။ ထိုနှီးနှောဖလှယ်ပွဲတွင် စွမ်းအသင်း၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းများကို ဆွေးနွေးဖလှယ်ခဲ့သည်။ ထို့အပြင် လက်ရှိ ဖြစ်ပေါ်နေသည့် စစ်ပဋိပက္ခများနှင့် ယင်း၏ အကျိုးဆက် များဖြစ်သော အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူ စစ်ပြေးရှောင်များ၊ ဒုက္ခသည်များအကြောင်း၊ ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်တန့်နေသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်အကြောင်းနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် လူနေမှု ဘဝ တိုးတက်ရေးတို့အပေါ် သက်ရောက်မှုရှိနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ အကြောင်း တို့ကို တက်ရောက်သူများက ဆွေးနွေးဖလှယ်သုံးသပ်ခဲ့ကြပါသည်။

မိမိတို့ စွမ်းအသင်းမှ လက်လှမ်းမီနိုင်သည့် ပြည်သူလူထုအချို့တို့၏ လူနေမှုဘဝများ ပိုမိုကောင်းမွန်လာစေရန် ပြုလုပ်နိုင်ခဲ့သော်လည်း ယနေ့ မိမိတို့ ရှမ်းအမျိုး သမီးများနှင့် ကလေးသူငယ်အများစုတို့၏ ဘဝများမှာ လုံခြုံမှု ကင်းမဲ့နေဆဲဖြစ်ပြီး တိုးတက် ကောင်းမွန်လာမှုများမှာ လည်း နှောင့်နှေးနေဆဲဖြစ်သည်ကို တွေ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။

P.O Box 120, Phrasing Post Office, Chiang Mai 50205, Thailand, Email: kenneri@shanwomen.org, Website: www.shanwomen.org

အမျိုးသမီးများသည် တိုင်းပြည်၏ အင်အားထက်ဝက်ဖြစ်ပြီး ကလေးသူငယ်များသည်လည်း တိုင်းပြည်၏ အနာဂတ် အင်အားဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လုံခြုံရေးနှင့် လူနေမှုဘဝများ တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းနေခြင်းများသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်အရေးအတွက် ကြိုးပမ်းမှု များဖြစ်သည်။ ဤကဲ့သို့သော ယုံကြည်ချက်များ၊ ခံယူချက်များအပေါ် အခြေခံ၍ မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသည့် စစ်ပဋိပက္ခများ၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများ အချင်းချင်းအကြား ဖြစ်ပွားနေသည့် တိုက်ပွဲများရပ်တန့်ရန် ပါဝင်ပါတ်သက်နေသူများအားလုံးတွင် တာဝန်အရှိဆုံးဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကတည်းကပင် ပစ်ခတ် တိုက်ခိုက်နေခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့်ပင်လျှင် အပစ်အခတ်ရပ်စဲနိုင်ရန် ကြိုးပမ်းနေသည့် အချိန်ကာလ တွင် ယခုကဲ့သို့ အချင်းချင်း တိုက်ခိုက်နေကြခြင်းသည် တိုင်းသူပြည်သားများအားလုံး လိုလားတောင့်နေကြသည့် တည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားသော အဟန့်အတားဖြစ်စေသည်ဟု မိမိတို့ စွမ်း အသင်းမှ ယူဆသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြမည်ဟု ခေတ်အဆက်ဆက် တသသ ကြွေးကြော်လာ ခဲ့ကြသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့အချင်းချင်းအကြား ဖြစ်ပွားနေသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှု များကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြရန် မိမိတို့ စွမ်း အသင်းမှ အလေးအနက် တိုက်တွန်းလိုက်ပါသည်။

**ဆက်သွယ်ရန်- နန်းခမ်းအွန် ၀၉၄-၂၆၆၀-၇၅၄၆ နန်းမွေနွံဟွမ် ၀၉၄-၂၉၉၅-၇၀၇၁**